dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

## DVB TV timetable

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"National Election Debate"*** ဖြစ်ပါတယ်။

(နိုဝင်ဘာ ၄ ၊၂၀၁၅)

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ “Nation Election Debate” ဒီဘိတ် အနေနဲ့ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

၂၀၁၅ ရွေးကောက်ပွဲကြီးကျင်းပရန် ရက်ပိုင်းမျှသာလိုတော့သည်။ စိတ်ဝင်တစားစောင့်ကြည့်သူများ ရှိနေသကဲ့သို့ ဘေးထွက်နေသူတို့လည်း ရှိနေကြသေးသည်ကို တွေ့ရပေသည်။ သို့သော် ၂၀၁၀ က အတွေ့အကြုံများ ပေးထားပြီးဖြစ်ရာ ယခုရွေးကောက်ပွဲ၌ No Vote ဆိုသည်တို့ လျော့နည်းသွားခဲ့ပြီး မဲပေးခွင့်ရရေးအတွက်ပင် အုတ်အော်သောင်းတင်း ဖြစ်ခဲ့သည်ကို တွေ့ကြရမည်ဖြစ်သည်။

၁၉၉၀ နောက်ပိုင်းပြုလုပ်ခဲ့သော ရွေးကောက်ပွဲများဖြစ်ပြီး မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများအနက် ပဥ္စမ နှင့် ဆဋ္ဌမ အကြိမ်မြောက်များ ဖြစ်ကြသည့် ၂၀၁၀ ရွေးကောက်ပွဲတွင် လူကြီးပိုင်းတို့ကသာ ရွေးကောက်ပွဲနှင့် ထဲထဲဝင်ဝင်ရှိကြပြီး လူငယ်အတော်များများမှာ ဖွဲ့စည်းပုံကိစ္စနှင့် ရွေးကောက်ပွဲတို့ပေါ် နားမလည်မှုနှင့် စိတ်ဝင်စားမှုအတော်လေးနည်းခဲ့သည်ကို တွေ့ခဲ့ရသည်။ ဆန္ဒမဲပေးခဲ့ကြမှုများတွင်လည်း လက်တွေ့ဆောင်ရွက်မှုနှင့် အစွဲများအပေါ် အခြေပြုဆုံးဖြတ်ကြသည်များကိုသာ တွေ့ခဲ့ရသည်။ ၂၀၁၀ရွေးကောက်ပွဲပေါ် မျှော်လင့်ချက်မှာမူ မပြောင်းဟု မျှော်လင့်ခဲ့ကြသည်။ ရွေးကောက်ပွဲအပြီး မဲရလဒ်ထွက်ပေါ်ခဲ့ချိန် ဝေဖန်ခံခဲ့ရသော်လည်း သမ္မတသစ်တက်အပြီး များမကြာမီ မြစ်ဆုံကိစ္စရပ်များ၊ ပြောရေးဆိုခွင့် ကိစ္စရပ်များနှင့် နေ့စဉ်နီးပါး ဆန္ဒထုတ်ဖော်မှုများ ၊ မော်တော်ယာဉ်မူဝါဒသစ်၊ နိုင်ငံတကာသို့ သမ္မတကြီးသွားရောက်သည့် ခရီးစဉ်များနှင့် စီးပွားရေးပိတ်ဆို့ထားမှု ဖြေလျော့မှုများ၊ စသည်မြင်ကွင်းများနှင့် မြန်မာ့နွေဦးကို အားလုံးက သဘောကျခဲ့ကြသည်။ ယင်းယန္တရားမှာ အစိုးရသစ် သက်တမ်း သုံးနှစ်ကျော် လေးနှစ်အတွင်းရောက်တွင်မူ နောက်ပြန်ဆုတ် တော့မည်လား ဆိုသည့် အသံများထွက်ပေါ်လာခဲ့ပြန်သည်။ အောင်မြင်မှုမှတ်တိုင်များ စိုက်ထူလိုသည့် အစိုးရသစ်အနေဖြင့်လည်း ၅ နှစ်သက်တမ်းမကုန်မီ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်ဆဲရေး သဘောတူမှုကို ရရှိရန် ကြိုးပမ်းခဲ့သည်ကိုလည်း တွေ့ခဲ့ရသည်။

၂၀၁၀ ထက် မျှော်လင့်ချက် ပိုမိုထားကြသည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ ယခုမကြာမီ ရက်ပိုင်းအတွင်း ရောက်ရှိလာတော့မည်ဖြစ်သည်။ ပါတီပေါင်း၂၃၅ ပါတီ မှတ်ပုံတင်ခဲ့ပြီး ၉၃ ပါတီယှဉ်ပြိုင်ခဲ့တဲ့ ၁၉၉၀ ရွေးကောက်ပွဲနောက်ပိုင်း နှစ်၂၀ အလွန်ကျင်းပတဲ့ ၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီတချို့ သပိတ်မှောက်ခဲ့သည့်အတွက် ၃၆ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ယခုရက်ပိုင်းအတွင်း ကျင်းပတော့မည့် ၂၀၁၅ အထွေထွေ ရွေး ကောက်ပွဲတွင်မူ မြန်မာနိုင်ငံတဝှမ်း မဲဆန္ဒနယ်ပေါင်း ၁၁၂၇ ခုမှ နိုင်ငံရေးပါတီစုစုပေါင်း ၉၂ခုနှင့် အတူတသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၃၂၃ ဦးအပါအဝင် ကိုယ်စားလှယ်လောင်း စုစုပေါင်း၆၀၄၀ ဦး တို့ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံအတွင် ကောက်ယူပြီးခဲ့ သည့် သန်းခေါင်စာရင်းများအရ လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် မဲဆန္ဒရှင် သန်း ၃၀ ကျော် ရှိသည့် ရွေးကောက်ပွဲသို့ ယင်းသို့ပါတီများစွာ ပါဝင်လာမှုအပြင် ၂၀၁၅ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲအား နိုင်ငံတကာသံရုံး ၃၂ ရုံးမှ လေ့လာသူ ၄၇၀ ဦး၊ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အဖွဲ့ ၆ ခုမှ ၄၆၅ဦး ၊ ဒီမိုကရေစီနှင့် ရွေးကောက် ပွဲ လုပ်ငန်းစဉ်အတွက် အကူအညီပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်း ၉ ခုမှ ၁၈၃ ဦး အပါအဝင် စုစုပေါင်း ပြည်ပစောင့်ကြည့်လေ့လာသူ ၁၁၁၈ ဦး၊ ပြည်တွင်း ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေး အဖွဲ့အစည်း ၁၃ခု မှ ၉၄၀၆ ဦး၊ ပြည်ပသတင်း မီဒီယာ၊ ၄၅ဖွဲ့မှ ၂၉၁ ဦးတို့က လေ့လာစောင့်ကြည့်ကြမည်ဖြစ်ရာ ၂၀၁၅ ရွေးကောက်ပွဲ၏ ထူးခြားမှု တစ်ရပ်လည်း ဖြစ်သည်။

ရွေးကောက်ပွဲကျင်းဖို့ သိပ်မလိုတော့သည့် အချိန်တွင် မြန်မာနိုင်ငံတွင်း ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေး အပါအဝင် အချို့သော ဖြစ်ရပ်များကြောင့် ရွေးကောက်ပွဲ လုပ်နိုင်ခြင်း ရှိမရှိ၊ ရွှေ့ဆိုင်းမှု ဖြစ်မဖြစ်တို့ဖြင့် စိတ်လှုပ်ရှားရမှုများကလည်း လာမည့် ၂၀၁၅ ရွေးကောက်ပွဲ၏ ဆွဲဆောင်မှုတစ်ရပ်ကဲ့သို့ပင် ရှိခဲ့ပြီး လူထု၏ အာရုံစိုက်မှုကို ပိုမိုစေခဲ့သည် ဆိုပါက မှားနိုင်မည် မထင်ပေ။ ပညာရေးနိမ့်ကျမှုနေမှုများ၊ ကမ္ဘာပေါ်တွင် လက်နက်ကိုင်အဖွဲ့အများဆုံး ဖြစ်သည့် မြန်မာနိုင်ငံအတွက် အဓိက ကျနေသည့် ပြည်တွင်းငြိမ်းချမ်းရေး၊ စီးပွားရေး အခွင့်အလမ်းများ၊ တပ်မတော်နှင့် ယုံကြည်မှု တည်ဆောက်နိုင်ရေး၊အမြစ်တွယ် အကျင့်စွဲနေသည့် လာဘ်ပေးလာဘ်ယူ ယဉ်ကျေးမှုနှင့် တရားဥပဒေစိုးမိုးရေး စသည် စသည်တို့ကို ၂၀၁၅ ရွေးကောက်ပွဲအရ တက်ရောက်လာမည့် အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ကြမည်နည်း။ ဘယ်ကဲ့သို့ စတင်ဆောင်ရွက်ကြမည်နည်း ကို နားဆင်ကြည့်ရှုကြနိုင် စေရန် ယခု နိုဝင်ဘာ ၄ ရက်နေ့တွင် **Nation Election Debate** ပြုလုပ်တင်ဆက်မည်ဖြစ်ပါသည်။

*Information links:*

www.dvb.no

www.youtube.com/channel/UCH0tQh3CaE2Ek8IAJtgTwEA